# လွှဲအပ်မှု

**လွှဲအပ်မှု** ဆိုသည်မှာ-

ခုံအဖွဲ့သို့ တင်သွင်းလာသည့် အမှုတွင် ဥပဒေ ကြောင်းအရ ဖြေရှင်း ရမည့်ကိစ္စ ဖြစ်သဖြင့် စုံညီခုံအဖွဲ့က ကြားနာစိစစ်ပြီးနောက် ပြည်ထောင်စု တရားလွှတ်တော်ချုပ် သို့ လွှဲအပ်ပေးပို့ သည့် အမှုကို ဆိုသည်။

**ကာလစည်းကမ်းသတ်**

လွှဲအပ်မှု နှင့်စပ်လျဉ်း၍ လျှောက်ထားသူ သို့မဟုတ် လျှောက်ထားခံရသူက ခုံအဖွဲ့၏စီရင်ချက် အမိန့်တွင် ဥပဒေကြောင်းအရ ဖြေရှင်းရမည့်ကိစ္စ ပေါ်ပေါက်သည်ဟု ယူဆပါက ပြည်ထောင်စု တရားလွှတ်တော်ချုပ်သို့ လွှဲအပ် ပေးရန် စီရင်ချက် အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်းခြောက်ဆယ် အတွင်း အချိန်မီ လျှောက်ထားရန် လိုအပ် ပါသည်။

**အမှုတင်သွင်းလျှောက်ထားခြင်း**

- အမှုတင်သွင်းလျှောက်ထားပါက လျှောက်ထားသူ ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့် ဖြစ်စေ၊ အကျိုးဆောင် ရှေ့နေဖြင့် ဖြစ်စေ အခွန်အယူခံ ခုံအဖွဲ့ရုံး မှတ်ပုံတင်အရာရှိထံသို့ လူကိုယ်ကိုင် လာရောက် လျှောက်ထားရမည်။
- အမှုတင်သွင်းလျှောက်ထားပါက သတ်မှတ်ပုံစံနှင့်အညီ လိုအပ်သောအထောက်အထားများကို ပူးတွဲလျက် လျှောက်ထား ရမည်။
- အခွန်အယူခံခုံအဖွဲ့၏ ချမှတ်သောအမိန့်အပေါ် လွှဲအပ်မှု လျှောက်ထားလိုပါက အောက်ဖော်ပြပါ စာရွက် စာတမ်း အထောက်အထားများ ပြည့်စုံစွာပါရှိရန် လိုအပ်ပါသည်-
  - **လွှဲအပ်မှု လျှောက်ထားလွှာ ပုံစံ(အခယ – ၃)**လျှောက်လွှာ၊
  - အခွန်အယူခံခုံအဖွဲ့မှ ချမှတ်သည့် အယူခံစီရင်ချက်၏ တာဝန်ခံမိတ္တူ (Certified Copy) မူရင်း (၁) စောင်နှင့် မိတ္တူ (၆) စောင်၊
  - အမှုအကြောင်းအရာရေးသားရာတွင် လိုအပ်သောအကြောင်းချင်းရာများ ဖော်ပြချက် လျှောက်လွှာ နှင့် အမှုမှပေါ်လွင်သည့် ဥပဒေရေးရာပြဿနာ (Question of Law) ဖော်ပြချက် ၊
  - သက်ဆိုင်ရာဌာနက ချမှတ်သည့် စည်းကြပ်အမိန့်၏ တာဝန်ခံမိတ္တူ (Certified Copy) မူရင်း (၁) စောင် နှင့် မိတ္တူ (၆) စောင်၊ သို့မဟုတ် အခွန်တောင်းခံစာ မူရင်း (၁)စောင်နှင့် မိတ္တူ (၆) စောင်၊ သို့မဟုတ် အခွန်အယူခံခုံအဖွဲ့၏ စီရင်ချက်အမိန့် တာဝန်ခံမိတ္တူ (Certified Copy) မူရင်း (၁) စောင်နှင့် မိတ္တူ (၆) စောင်။

**– သတ်မှတ် လျှောက်ထားလွှာ နမူနာပုံစံ အောက်တွင် ပူးတွဲဖော်ပြထားပါသည် –**

## မိတ္တူကူးယူခြင်း

- လျှောက်ထားသူ သို့မဟုတ် လျှောက်ထားခံရသူသည် ၎င်း၏ အမှုနှင့်သက်ဆိုင်သော စာရွက်စာတမ်း များနှင့် စီရင်ချက် အမိန့်တို့ကို မိတ္တူအဖြစ်ကူးယူခွင့်ပြုရန် တင်ပြ လျှောက်ထားနိုင်ပါသည်။
- မိတ္တူကူးလျှောက်ထားလိုသူသည် မိတ္တူကူးလျှောက်လွှာ **အခယ-၅ ပုံစံ**တွင် ပြည့်စုံစွာ ရေးသားဖြည့်စွက်၍ ထိုလျှောက်လွှာပေါ်တွင် ရုံးခွန်အက်ဥပဒေအရ လျှောက်လွှာအတွက် သတ်မှတ်ထားသော ရုံးခွန်တံဆိပ်ခေါင်း ကပ်ပြီး လက်မှတ်ရေးထိုးကာ မှတ်ပုံတင်အရာရှိထံ တင်သွင်းရပါမည်။
- သတ်မှတ် မိတ္တူကူးခကို မြန်မာ့စီးပွားရေးဘဏ်ရှိ အခွန်အယူခံခုံအဖွဲ့ရုံး ငွေစာရင်းခေါင်းစဉ်သို့ ပေးသွင်းရပါ မည်။ မိတ္တူကူးခကို အောက်ပါအတိုင်း သတ်မှတ်ထားပါသည်-
    - စာတစ်မျက်နှာ သို့မဟုတ် တစ်မျက်နှာ၏ အစိတ်အပိုင်းအတွက် တစ်ရာကျပ်နှုန်း၊
    - အလျင်အမြန် မိတ္တူကူးပေးရန် ဖြစ်လျှင် ကျသင့်မိတ္တူကူးခ၏ ငါးဆ၊
- မိတ္တူရေးကူးပေးခြင်းကို မိတ္တူကူးခ ပေးသွင်းပြီးကြောင်း အထောက်အထားရရှိသည့်နေ့မှ (၅) ရက်အတွင်း ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။ တာဝန်ခံမိတ္တူ ထုတ်ယူခြင်းဖြစ်ပါက ထိုက်သင့် ရုံးခွန်ကို ကပ်နှိပ် ထမ်းဆောင်ရမည် ဖြစ်ပါသည်။

**– သတ်မှတ် လျှောက်ထားလွှာ နမူနာပုံစံ အောက်တွင် ပူးတွဲဖော်ပြထားပါသည် –**

## ရုံးခွန်ထိုက်သင့်မှု

- အယူခံမှုလျှောက်ထားခြင်းအတွက် ရုံးခွန် ထိုက်သင့်မှုမှာ ၅၀၀ ကျပ် ဖြစ်ပါသည်။
- ထိုက်သင့်သည့် ရုံးခွန် ကပ်တံဆိပ်ခေါင်း၏ နမူနာ ပုံစံမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -




## လျှောက်ထားချက်ကို ဖြည့်စွက်ခြင်း

- လျှောက်ထားတင်ပြချက်တွင် အချက်အလက် တစ်စုံတစ်ရာကို ထပ်မံ ဖြည့်စွက်ရန် အကြောင်း ပေါ်ပေါက် လာပါက အမှုကြားနာရန် ကြိုတင်သတိပေး အမှုခေါ်စာရင်း မထုတ်ပြန်မီ ထပ်မံ ဖြည့်စွက်လိုကြောင်း တင်ပြ လျှောက်ထားရမည်။

## လျှောက်ထားသူသည် ကုမ္ပဏီ ဖြစ်ခြင်း

- လျှောက်ထားသူကုမ္ပဏီ၏ ကိုယ်စား ဆောင်ရွက်သည့် အမှုများအတွက် ကုမ္ပဏီအမည်ဖြင့် တင်သွင်း လျှောက်ထားရမည်။
- ကုမ္ပဏီ၏ ကိုယ်စား ကုမ္ပဏီတွင် ပါဝင်ဆောင်ရွက်နေသူအား တာဝန်ပေးအပ်ပါက ကုမ္ပဏီက တာဝန်ပေးအပ် သည့် စာ ပူးတွဲတင်ပြရမည်။
- ကုမ္ပဏီတွင်ပါဝင် ဆောင်ရွက်နေသူ မဟုတ်ပါက ကုမ္ပဏီမှ ပေးအပ်သည့် အခွင့်ရကိုယ်စားလှယ် လွှဲအပ်စာ အထောက်အထား ပူးတွဲတင်ပြရမည်။

## လျှောက်လဲချက်ပေးခြင်း

- တရားမကျင့်ထုံး ဥပဒေ အမိန့် ၃၊ နည်းဥပဒေ ၁ နှင့် ၂ ပါ ပြဋ္ဌာန်းချက်အရ အခွင့်ရ ကိုယ်စားလှယ်သည် လျှောက်ထားသူ ကိုယ်စား ခုံရုံးသို့ လာရောက်ခြင်း (Appearance) ၊ လျှောက်ထားခြင်း (Application) ၊ ဆောင်ရွက်ခြင်း (Act) ပြုနိုင်သော်လည်း ရှေ့နေရှေ့ရပ်များနည်းတူ ခုံရုံးတွင် လျှောက်လဲချက်ပေးခြင်း (Pleading or addressing) ကို ရှေ့နေလိုင်စင် မရှိဘဲ ပြုခွင့် မရှိပါ။
- လျှောက်ထားသူ ကိုယ်တိုင် သို့မဟုတ် အကျိုးဆောင်ရှေ့နေ သို့မဟုတ် ရှေ့နေလိုင်စင် ရရှိထားသူ အခွင့်ရ ကိုယ်စားလှယ်တို့က လျှောက်လဲချက် ပေးခြင်းကိုသာ ခုံအဖွဲ့က လက်ခံခွင့်ပြုမည် ဖြစ်ပါသည်။

အခယ-၃

**အခွန်အယူခံ ခုံအဖွဲ့ ရုံးတော်**

**၂၀ ခုနှစ်၊ -------------- လွှဲအပ်မှု အမှတ် (          )**

အခွန်အယူခံ ခုံအဖွဲ့၏ စီရင်ချက် အမိန့်အမှတ် --------------------- ပါ ------------------------- အမှုအပေါ် လွှဲအပ်မှု လျှောက်ထားခြင်း

(လွှဲအပ်မှု လျှောက်ထားသူများ၏ အမည်ကို ရုံးတော်မှ ဖြည့်သွင်းရန်)

| လျှောက်ထားသူ | | လျှောက်ထားခံရသူ |
|---|---|---|
| --------------------------- | နှင့် | --------------------------- |
| --------------------------- | | --------------------------- |

လွှဲအပ်မှု လျှောက်ထားသူ/လျှောက်ထားခံရသူ နေထိုင်သည့် နေရပ်လိပ်စာ၊ အပြည့်အစုံကို ဖော်ပြရန်

--------------------------------------------------------------------------------------------------------------------------------

--------------------------------- ။

လွှဲအပ်မှုအား အောက်ဖော်ပြပါ အကြောင်းအချက်များဖြင့် တင်သွင်းခြင်း ဖြစ်ပါသည်-

၁။ အထက်ဖော်ပြပါ အမှုအား အခွန်အယူခံ ခုံအဖွဲ့မှ စီရင်ချက် အမိန့်ချမှတ်သည့် နေ့ရက်အား ဖော်ပြရန်။

၂။ အခွန်အယူခံ ခုံအဖွဲ့၏ စီရင်ချက် အမိန့်အား မည်သည့် နေ့ရက်တွင် လက်ခံ ရရှိခဲ့ကြောင်း ဖော်ပြရန်။

၃။ လွှဲအပ်မှု လျှောက်လွှာနှင့်အတူ အမှုအတွက် လိုအပ်သော သက်သေခံ အထောက်အထား စာရွက်စာတမ်းများ၊ ခုံအဖွဲ့၏ စီရင်ချက်အမိန့်မှ ဥပဒေရေးရာ ပြဿနာပေါ်ပေါက်ကြောင်း တွေ့ရှိချက်များ၊ ဝန်ခံချက်များနှင့် အခြား သက်သေခံချက်များအား ဤလွှဲအပ်မှု လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြအပ်ပါသည်။

၄။ အခွန်အယူခံ ခုံအဖွဲ့၏ စီရင်ချက် အမိန့်တွင် အောက်ဖော်ပြပါအတိုင်း ဥပဒေရေးရာ ပြဿနာများ ပေါ်ပေါက်ကြောင်း အကြောင်းပြချက်များကို စာပိုဒ်များ ခွဲ၍ ပူးတွဲတင်ပြအပ်ပါသည်။

၅။ သို့ပါ၍ အထက်ဖော်ပြပါ တင်ပြချက်များအရ လျှောက်ထားသူ၏ လွှဲအပ်မှုတင်ပြ လျှောက်ထားချက်အား ရုံးတော်မှ ဖြေရှင်း လွှဲအပ်ပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

၆။ အထက်တင်ပြပါ အချက်များ မှန်ကန်ကြောင်း အောက်ပါအတိုင်း ဝန်ခံ ကတိပြု လက်မှတ်ရေးထိုး တင်ပြအပ်ပါသည်။

| | | |
|---|---|---|
| (လက်မှတ်) | | (လက်မှတ်) |
| လျှောက်ထားသူ၏ ရှေ့နေ ကိုယ်စားလှယ်အမည် | ( သို့မဟုတ် ) | လျှောက်ထားသူအမည် |
| နိုင်ငံသား စိစစ်ရေးအမှတ် (သို့) ရှေ့နေဖြစ်ပါက | | နိုင်ငံသား စိစစ်ရေးအမှတ် |
| လိုင်စင်အမှတ်၊ လိပ်စာ အပြည့်အစုံ | | လိပ်စာ အပြည့်အစုံ |

အမှုတင်သည့်နေ့စွဲ။ -------------------------။

လျှောက်ထားချက်နှင့် ပူးတွဲတင်ပြသော စာရွက်စာတမ်းများစာရင်း

အခယ-၅

# မိတ္တူလျှောက်လွှာ

၁။ လျှောက်ထားသူအမည် -----------------------------------------------------------------------------

၂။ မိတ္တူကူးလိုသော အမှုတွဲ -

( က ) အမျိုးအစား ခုနှစ် နှင့် အမှတ် ---------------------------------------------------------------

( ခ ) အမှုသည်တို့၏ အမည်များ ----------------------------------------------------------------------

၃။ မိတ္တူလျှောက်လွှာ တင်သောရက် ----------------------------------------------------------------

၄။ မိတ္တူရယူလိုသည့် စာရွက်စာတမ်း အမျိုးအမည် ------------------------------------------------------

၅။ မိတ္တူကူးရန် မူရင်းစာ၏ စာမျက်နှာ အရေအတွက် ----------------------------------------------------

-----------------------------------------------------------------------------------------------------

-----------------------------------------------------------------------------------------------------

၆။ ရယူလိုသည့် မိတ္တူ အမျိုးအစား --------------------------------------------------------------------

၇။ တာဝန်ခံ မိတ္တူအတွက် ရုံးခွန်တံဆိပ်ခေါင်း (လိုအပ်လျှင်) -------------------------------------------

၈။ လျှောက်ထားသူသည် အမှုနှင့် မည်သို့ သက်ဆိုင်သည် ------------------------------------------------

-----------------------------------------------------------------------------------------------------

လျှောက်ထားသူ၏ လက်မှတ် ----------------------

နိုင်ငံသား စိစစ်ရေးအမှတ် -------------------------

ရက်စွဲ၊ ---------------------

---

---------------------- မှုအမှတ် ( / ) ၏ ------------------------- နှင့် --------------------------- တို့ အမှုတွင် ------------------------------------------------------------------ ကို ရိုးရိုးမိတ္တူ/တာဝန်ခံမိတ္တူကူးရန် ---------------------------------- က တင်သွင်းသည့် လျှောက်လွှာကို ------------------------ ရက် --------------- နာရီ အချိန်တွင် လက်ခံ ရရှိပါသည်။

မှတ်ပုံတင် အရာရှိ

လက်မှတ် -------------------------------

အမည် ---------------------------------

ရက်စွဲ၊ ---------------------